**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၁၀/၂၀၁၈**

**၁၃၈၀ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်**

**(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၈၈၊ ပုဒ်မ ခွဲ(က) ဤအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ပါ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်နှင့် ဆက်သွယ်ရေးပစ္စည်းဆိုင်ရာလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများကို သတ်မှတ်သည့် ဇယား (၁) ကို ပူးတွဲပါဇယား (၁) ဖြင့် အစားထိုးရမည်။

(ပုံ)သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ဇယား (၁) လိုင်စင်ဆိုင်ရာအခကြေးငွေများ

**ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ဆိုင်ရာအခကြေးငွေများ**

**[ နည်းဥပဒေ ၂၄၊ နည်းဥပဒေခွဲ (ဂ) ]**

| | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် - အထူး(Individual) | ကွန်ရက်အထောက်အကူပြု ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် - သာမန်(Class) | ကွန်ရက်ဝန်ဆောင်မှုလုပ်ငန်း လိုင်စင် | အသုံးချဝန်ဆောင်မှုလုပ်ငန်း လိုင်စင် |
|---|---|---|---|---|
| လျှောက်လွှာကြေး* | ၁၀,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၅,၀၀၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် |
| ကနဦးလိုင်စင်ခ* | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |
| နှစ်စဉ်ကြေး | သက်ဆိုင်သောဝင်ငွေ၏ ၂% (သို့မဟုတ်) ကျပ်သိန်း (၆၀) တို့အနက်မှ များရာကိုပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% (သို့မဟုတ်) ကျပ် (၁၅) သိန်း တို့အနက်မှ များရာကို ပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၁% (သို့မဟုတ်) ကျပ်သိန်း (၃၀) တို့အနက်မှ များရာကို ပေးဆောင်ရမည်။ | သက်ဆိုင်သောဝင်ငွေ၏ ၀.၅% (သို့မဟုတ်) ကျပ် (၁၅) သိန်း တို့အနက်မှ များရာကို ပေးဆောင်ရမည်။ |
| ဝန်ဆောင်မှုလုပ်ငန်း အသစ်များ ဖြည့်စွက် ဆောင်ရွက်ခြင်း အတွက်အခကြေးငွေ | ၅,၀၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် | ၂,၅၀၀,၀၀၀ ကျပ် | ၁,၂၅၀,၀၀၀ ကျပ် |
| လိုင်စင်သက်တမ်း တိုးမြှင့်ခ | ၅၀,၀၀၀,၀၀၀ ကျပ် | ၁၂,၅၀၀,၀၀၀ ကျပ် | ၂၅,၀၀၀,၀၀၀ ကျပ် | ၁၀,၀၀၀,၀၀၀ ကျပ် |

* ဤနည်းဥပဒေများ မထုတ်ပြန်မီက ဦးစီးဌာနမှ ထုတ်ပေးထားသော လိုင်စင်ရရှိသူများသည် နည်းဥပဒေ ၄၄ အရ လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာမူဘောင်သို့ လိုင်စင်အသွင်ကူးပြောင်းရာတွင် လျှောက်လွှာကြေးနှင့် ကနဦးလိုင်စင်ခများ ကင်းလွတ်ခွင့်ရှိသည်။